# လူသားချင်း စာနာမှုဆိုင်ရာ သတင်းလွှာ

## မြန်မာနိုင်ငံ

အတွဲ ၁၀ | ဒီဇင်ဘာ ၂၀၁၃

OCHA

ဤစာစောင်တွင်

ရခိုင်ပြည်နယ်တွင် တင်းမာမှုများ ပြန်လည်ဖြစ်ပွား စာ-၁
IDP စခန်းများအတွက် ဝေဖန်အကြံပြုရေး စနစ်များ စာ-၂
လူငယ်များအတွက် ပညာရေးဆိုင်ရာ လိုအပ်ချက်များ စာ-၃
ကချင်ပြည်နယ်တွင် နေရပ်စွန့်ခွာမှုများ ထပ်မံဖြစ်ပွား စာ-၄
မြန်မာနိုင်ငံအတွက် လူသားချင်းစာနာမှုဆိုင်ရာ ရန်ပုံငွေ စာ-၆

## အဓိကအချက်များ

- အပြန်အလှန် တင်းမာမှုများနှင့် လွတ်လပ်စွာ သွားလာမှုတို့ကို ကန့်သတ်ထားမှုများ တို့ကြောင့် ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူများ အတွက် အသက်မွေး ဝမ်းကျောင်းမှုပြုရန်နှင့် အခြေခံ လိုအပ်ချက်များ ရရှိရန် ခက်ခဲလျှက် ရှိသည်။
- ရခိုင်ပြည်နယ် နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းများတွင် ဝေဖန်အကြံပြုရေး စနစ်များ စတင်ထားရှိသည်။
- ရခိုင်ပြည်နယ် နေရပ်စွန့်ခွာ တိမ်းရှောင်သူများ အတွင်း မူလွန် အဆင့် ပညာသင်ကြားနိုင်မှု လွန်စွာ နည်းပါးနေကြောင်းကို လေ့လာ တွေ့ရှိရသည်။
- နိုဝင်ဘာလတွင် ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာ ခဲ့ရသူများအတွက် ထောက်ပံ့မှုများ လိုအပ်လျှက်ရှိသည်။
- ၂၀၁၃ခုနှစ်တွင် လူသားချင်း စာနာမှု ဆိုင်ရာ ရန်ပုံငွေ လိုအပ်ချက်၏ ၇၂ ရာခိုင်နှုန်း လက်ခံ ရရှိခဲ့သည်။

## ကိန်းဂဏန်းများ

| | |
|---|---|
| နေရပ်စွန့်ခွာ တိမ်းရှောင်သူ ဦးရေ | ၆၄၆၀၀ |
| နိုင်ငံမဲ့နေသူဦးရေ | ၈၀၈၀၀၀ |

ကိုးကား - UNHCR, OCHA, TBC, CCCM

## ရန်ပုံငွေ

**ရခိုင်ပြည်နယ် တုန့်ပြန်ရေး စီမံချက်**

အမေရိကန်ဒေါ်လာ
၁၀၉.၃ သန်း တင်ပြတောင်းခံ။
၈၁.၄ % လက်ခံရရှိ။

**ကချင်ပြည်နယ် တုန့်ပြန်ရေး စီမံချက်**

အမေရိကန်ဒေါ်လာ
၅၀.၉ သန်း တင်ပြတောင်းခံ။
၅၂.၇ % လက်ခံရရှိ။



ကချင်ပြည်နယ်၊ မြစ်ကြီးနား
ဓါတ်ပုံ- DRC/K. Roelle

## ရခိုင်ပြည်နယ်တွင် တင်းမာမှုများ ပြန်လည်ဖြစ်ပွား

အပြန်အလှန် တင်းမာမှုများ နှင့် လွတ်လပ်စွာသွားလာခွင့်ကို ကန့်သတ်ထားမှုများတို့ကြောင့် ရခိုင်ပြည်နယ်ရှိ ဒေသခံများစွာတို့သည် သီးသန့်ခွဲထွက် နေထိုင်ရကာ အခြေခံဝန်ဆောင်မှုများ ရရှိရန်နှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ခက်ခဲလျှက် ရှိသည်။ မြေပုံမြို့၊ တောင်ပေါ်စခန်းမှ မွတ်ဆလင် နေရပ်စွန့်ခွာ တိမ်းရှောင်သူများသည် လပေါင်းများစွာ အဆိုပါ အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရပြီးနောက် နေရာသစ်သို့ ရွှေ့ပြောင်းခွင့်ပြုရန် တင်ပြ တောင်းဆိုခဲ့သည်။

အဆိုပါ အခက်အခဲတို့၏ အကြောင်းရင်းတို့ကို သိရှိနိုင်ရန် နိုင်ငံတကာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် မြေပုံ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံခြင်း၊ ရခိုင်နှင့် မွတ်ဆလင် နေရပ်စွန့်ခွာ တိမ်းရှောင်သူ တို့နှင့် မေးမြန်းဆွေးနွေးခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့သည်။ တွေ့ရှိချက်များအရ ၂၀၁၂ တွင်ဖြစ်ပွားခဲ့သော တင်းမာမှုများမှာ ဆက်လက် ပြင်းထန်လျှက်ရှိနေပြီး ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ တို့၏ လူသားချင်း စာနာမှု ဆိုင်ရာ ထောက်ပံ့မှု လုပ်ငန်းများ အပေါ် တွင် ဆန့်ကျင်မှုများ ဖြစ်ပေါ်လာ စေခဲ့သည်။ ရခိုင်ပြည်နယ် အချို့ သော ဒေသများတွင် မွတ်ဆလင် နေရပ်စွန့်ခွာ တိမ်းရှောင် သူများ နှင့် ရခိုင် ဒေသခံ တို့သည် အသေးစား လုပ်ငန်းများ ပြန်လည် ပြုလုပ်ခဲ့သော်လည်း ယေဘူယျ အားဖြင့် မွတ်ဆလင် နေရပ်စွန့်ခွာ တိမ်းရှောင်သူများအနေနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ခွင့် နှင့် အခြေခံ လိုအပ်ချက်တို့ကို လက်လှမ်းမီနိုင်ခွင့် တို့မှာ လွန်စွာ နည်းပါးလျှက် ရှိနေ သည်။



ရခိုင်ပြည်နယ် ဆက်ရိုးကျ နေရပ်စွန့်ခွာ တိမ်းရှောင်သူစခန်းမှ ကလေးတစ်ဦး
ဓါတ်ပုံ-OCHA

ရခိုင်ပြည်နယ်ရှိ နိုင်ငံတကာအဖွဲ့အစည်းများ အနေနှင့် ဒေသခံလူထု အဖွဲ့အစည်းများ၊ လူထု ခေါင်းဆောင်များ တို့နှင့် ပိုမိုထိတွေ့ပြီး ရခိုင်ပြည်နယ် အတွက် ဆောင်ရွက်လျှက်ရှိသော လူသားချင်းစာနာမှုဆိုင်ရာ စီမံချက်များ၊ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စီမံချက်များ ၏ ဦးတည်ချက်များကို တင်ပြဆွေးနွေးလျှက်ရှိသည်။ ထိုမှတဆင့် ဆင်းရဲနွမ်းပါးမှု၊ မမျှတမှု၊ အခြေခံ ဝန်ဆောင်မှုများ အားနည်းမှု၊ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးမှု စသည်တို့၏ အကြောင်းရင်းမြစ်များကို ကျယ်ပြန့်စွာ ဆွေးနွေးလာစေနိုင်ရန် ရည်ရွယ်သည်။ အဆိုပါ အခက်အခဲတို့ကို စနစ်တကျ မဖြေရှင်းနိုင်ပါက ရခိုင်ပြည်နယ် ဒေသခံများ အနေနှင့် အစိုးရနှင့် နိုင်ငံတကာ အထောက်အပံ့ များကိုသာ များစွာ ဆက်လက် မှီခိုအားထား နေရမည် ဖြစ်သည်။

*ရခိုင်ပြည်နယ်တွင် လူသားချင်း စာနာမှုဆိုင်ရာ ဝန်ထမ်းများ အပေါ် ဆန့်ကျင်မှုများကြောင့် အထောက်အပံ့များ ဆက်လက် ပေးအပ်နိုင်ရန် ခက်ခဲလျှက်ရှိသည်။*

### လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများ ပိုမိုများပြားလျှက်ရှိ

၂၀၁၃ခုနှစ်၏ ဒုတိယနှစ်ဝက်တွင် ရခိုင်ပြည်နယ် ဒေသခံတို့၏ နိုင်ငံတကာအဖွဲ့အစည်းများအပေါ် ဆန့်ကျင်မှုများ ပိုမို မြင့်မားလာခဲ့ကာ ရခိုင်လူမျိုးနှင့် မွတ်ဆလင် နေရပ်စွန့်ခွာတိမ်းရှောင်သူ နှစ်ဖက်စလုံး အတွက် လူသားချင်း စာနာမှုဆိုင်ရာ အထောက်အပံ့ ပေးအပ်မှုများ အားနည်းခဲ့ရသည်။ အချို့နေရာများတွင် လုပ်ငန်းများကို ယာယီ ရပ်ဆိုင်း ထားရသည်။


စစ်တွေ၊ ကျောက်တော်နှင့် မြေပုံတို့တွင် ဆန့်ကျင်မှုများ အများဆုံးရှိခဲ့ပြီး မင်းပြား၊ မြောက်ဦး နှင့် မောင်တောတို့တွင်လည်း ဆန့်ကျင်မှုများ ဖြစ်ပွားခဲ့သည်။ အဆိုပါ ဆန့်ကျင်မှုများတွင် လူသားချင်း စာနာမှုဆိုင်ရာ ဝန်ထမ်းများအား ခြိမ်းခြောက်မှုနှင့် ထိပါးမှုများ အပြင် နေရပ်စွန့်ခွာ တိမ်းရှောင်သူများ နေထိုင်ရာ စခန်းများသို့ သွားရောက်ခွင့်အား ပိတ်ဆို့ခြင်း တို့လည်းပါဝင်သည်။

ဒေသခံတို့မှ ထိုကဲ့သို့ဆန့်ကျင်ရခြင်းမှာ ဘက်လိုက်မှုရှိသော အထောက်အပံ့များ ပေးအပ်ခြင်း တို့ကြောင့် နိုင်ငံတကာ အဖွဲ့အစည်းများအပေါ် အထင်အမြင် လွဲမှားမှုများမှ စတင်သည်ဟု ပြောကြားသည်။ နိုင်ငံတကာ အဖွဲ့အစည်းများမှလည်း အထောက်အပံ့များကို လူသားချင်းစာနာမှု ဆိုင်ရာ အခြေခံမှုများအတိုင်း လိုအပ်ချက် ပေါ်တွင်သာမူတည်၍ ပေးအပ်ခြင်းဖြစ်သည်ဟု ပြန်လည် ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုအစိုးရ အဆင့်မြင့်တာဝန်ရှိသူတို့မှလည်း နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများ သည် နိုင်ငံတော်အစိုးရ၏ တရားဝင် ဖိတ်ခေါ်ချက်အရ လာရောက်ကူညီ ထောက်ပံ့နေခြင်းဖြစ်ပြီး ထိုအဖွဲ့အစည်း များအပေါ် ထိပါးမှုများကို နိုင်ငံတော်အနေနှင့် လက်ခံမည် မဟုတ်ကြောင်းကို ဒေသခံများအား မကြာခဏ အသိပေး ပြောကြားခဲ့သည်။ သို့သော် ဆန့်ကျင်မှု ဖြစ်စဉ်များ ဆက်လက်ဖြစ်ပွားလျှက် ရှိနေသဖြင့် ပိုမို၍ အရေးတယူ ဆောင်ရွက်ပေးရန် လိုအပ်နေသည်။ အစိုးရ နှင့် ပဋိပက္ခဒဏ်ကို ခံစားရသော လူထုအကြား ပိုမိုစနစ်ကျသော ဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ တရားဥပဒေ စိုးမိုးမှု အပြည့်အဝရှိစေပြီး သွေးထိုးလှုံ့ဆော် ပြောကြားမှုများ၊ ခြိမ်းခြောက်မှုများနှင့် အကြမ်းဖက်မှုများ ပပျောက်အောင် ဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ပေးရန် လိုအပ်သည်။


## နေရပ်စွန့်ခွာ တိမ်းရှောင်သူစခန်းများတွင် ဝေဖန်အကြံပြုရေး စနစ်များ ပိုမိုတိုးတက်စေရန်ပြုပြင်

နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်း ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး ဆိုင်ရာ လုပ်ငန်းအဖွဲ့မှ စစ်တွေမြို့ရှိ စခန်းများတွင် ဝေဖန်အကြံပေးမှုများ လက်ခံဆောင်ရွက်မည့် စနစ်ဖြစ်သော "Consolidated Complaint Response Mechanism (CCRM)-ဝေဖန် အကြံပြုမှုများအား စုပေါင်းတုန့်ပြန်မှု စနစ်" ကို စတင် ကျင့်သုံးလျှက်ရှိသည်။ စစ်တွေမြို့နယ် ကျေးလက်ဒေသ တွင်တည်ရှိသော နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းများရှိ လူဦးရေ ၁သိန်းခန့် သည် စခန်းနှင့် ပတ်သက်သည့် အခက်အခဲများကို တင်ပြ သွားနိုင်မည် ဖြစ်ပြီး ထိုသို့ တင်ပြမှုများ ကိုလည်း သိမ်းဆည်း မှတ်တမ်းတင်ကာ ကူညီ ဆောင်ရွက်သွားမည်ဖြစ်သည်။



အဆိုပါစနစ်အား စစ်တွေမြို့ရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်း ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး ဆိုင်ရာ လုပ်ငန်းအဖွဲ့မှ ဒီဇင်ဘာ ၂၀၁၃ တွင် အတည်ပြုပေးခဲ့ပြီး စတင်ကျင့်သုံးခဲ့သည်။ စခန်းရှိ နေထိုင်သူများသည် မိမိတို့တင်ပြလိုသည့် အကြောင်းအရာများအား လုပ်ငန်းအဖွဲ့သို့ဖြစ်စေ၊ စခန်း ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ထမ်းများသို့ဖြစ်စေ လူကိုယ်တိုင် သော်လည်းကောင်း၊ အကြံပြု စာပုံးမှ တဆင့် သော်လည်းကောင်း၊ UNHCR ၏ ၂၄နာရီပတ်လုံး အထူး တယ်လီဖုန်းလိုင်းမှ သော်လည်းကောင်း တင်ပြနိုင် ပြီဖြစ်သည်။

**$109.3M**
requested for Rakhine Response Plan (Jul12-Dec 13)




CCRM စနစ်ကို ဝေဖန်အကြံပြုမှုများအား ထိရောက်စွာ ကူညီ ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ ထားရှိခြင်း ဖြစ်သည်။ CCRM စနစ်နှင့် "Protection Referral Pathways-အကာအကွယ်ပေးမှုဆိုင်ရာ ညွှန်းပို့မှု လမ်းကြောင်း စနစ်" တို့ကို ပူးတွဲ အကောင်အထည် ဖေါ်သွားမည် ဖြစ်သည်။ အဆိုပါ "အကာအကွယ်ပေးမှုဆိုင်ရာ ညွှန်းပို့မှု လမ်းကြောင်း စနစ်" တွင် လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့များ စုပေါင်းကာ အမျိုးသမီးများ အကြမ်းဖက်

ခံရမှုဆိုင်ရာ ကိစ္စများကဲ့သို့သော အကာအကွယ်ပေးမှုဆိုင်ရာ အကြောင်းအရာများကို ကူညီသွားမည်ဖြစ်သည်။ တင်ပြလာသော ဝေဖန် အကြံပြုမှုများမှ အမည်များ ကို လျှို့ဝှက်ထားမည်ဖြစ်ပြီး အကာအကွယ်ပေးမှုနှင့် သက်ဆိုင်သော ကိစ္စများကို အကာအကွယ်ပေးမှု ဆိုင်ရာ ကျွမ်းကျင်သူများထံသို့ ဆက်လက်ပေးပို့ကာ ကူညီဆောင်ရွက်သွားမည် ဖြစ်သည်။

CCRM စနစ်ကို အသုံးပြုခြင်းအားဖြင့် လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့များ၏ တာဝန်ခံယူမှုကို တိုးတက်ကောင်းမွန်စေမည်ဖြစ်သည်။ စခန်းတွင် နေထိုင်ကြသည့် နေရပ်စွန့်ခွာ တိမ်းရှောင်သူများ CCRM စနစ်ကို လက်လှမ်းမီစေရန်၊ အညီအမျှ အသုံးပြုနိုင်ရန်၊ အခိုင်အမာ အသုံးချနိုင်ရန် နှင့် ပွင့်လင်းမြင်သာမှု ရှိစေရန် တို့အတွက် လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့များမှ ကြိုးပမ်းဆောင်ရွက် သွားမည်ဖြစ်သည်။ နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းတွင် နေထိုင်နေရသူများသည် နေရပ်စွန့်ခွာမှု ကာလကြာရှည်လာခြင်း၊ လွတ်လပ်စွာ သွားလာခွင့် ကန့်သတ်ခံရခြင်းနှင့် အသက်မွေးဝမ်းကျောင်းမှု ဆိုင်ရာ လုပ်ငန်းများ မဆောင်ရွက်နိုင်ခြင်း စသည့်အခက်အခဲများကို ကြုံတွေ့ရလျက်ရှိသည်။ ဝေဖန် အကြံပြုမှုဆိုင်ရာ စနစ် တည်ဆောက်ပေးခြင်းအားဖြင့် နေရပ်စွန့်ခွာတိမ်းရှောင်သူတို့၏ အခက်အခဲနှင့် စိုးရိမ်ပူပန်မှုများအား နားလည် သိရှိနိုင်မည်ဖြစ်သကဲ့သို့ ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များကိုလည်း ကြိုတင်ခန့်မှန်းနိုင်မည် ဖြစ်သည်။

## လူငယ်များအတွက် ပညာရေးဆိုင်ရာ အဓိက လိုအပ်ချက်များ

ပညာရေးနိမ့်ကျမှုသည် ပဋိပက္ခတို့၏ အကြောင်းရင်းတစ်ခု ဖြစ်သကဲ့သို့ အပြန်အလှန်နားလည်မှုတည်ဆောက်ရေး တွင်လည်း ပညာရေးသည် အရေးကြီးသော အခန်းကဏ္ဍတစ်ခုဖြစ်သည်။ အရေးပေါ်ကာလများတွင် ပညာရေး အတွက် အထောက်အပံ့ပေးခြင်းသည် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိနိုင်ရန် အထောက်အကူဖြစ်စေ နိုင်သကဲ့သို့ ပဋိပက္ခ အန္တရာယ်တို့မှလည်း အကာအကွယ်ဖြစ်စေနိုင်သည်။ လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းစဉ်များသည် “Do No Harm” (ထိခိုက်မှု ကင်းစေခြင်းမှု) အတိုင်း လိုက်နာဆောင်ရွက်ရန်လိုပြီး ရေရှည် တည်ငြိမ်အေးချမ်းမှုကို တည်ဆောက်ရန်အတွက် အခြေခံလုပ်ငန်းစဉ်များကိုလည်း ဆောင်ရွက်ပေးရန်လိုသည်။

*မွတ်ဆလင် နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းများမှ လူငယ်များအတွက် မူလတန်းလွန် ပညာသင်ကြားခွင့် အဓိကလိုအပ်နေပြီး လက်ရှိတွင် ၇-ရာခိုင်နှုန်းသာ သင်ကြားခွင့် ရသည်။*



ရခိုင်ပြည်နယ်၊ သဲချောင်း နေရပ်စွန့်ခွာ တိမ်းရှောင်သူစခန်း၊ နိုဝင်ဘာ ၂၀၁၂၊ ဓါတ်ပုံ-OCHA

နိုဝင်ဘာလတွင် Save the Children အဖွဲ့မှ ပညာရေးကဏ္ဍ အတွက် လိုအပ်ချက် နှင့် အကြံပြု တင်ပြချက် အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။ ထိုအစီရင်ခံစာ ကို စစ်တွေ နှင့် ပေါက်တောမှ ရခိုင်လူမျိုး နှင့် မွတ်ဆလင် ဘာသာဝင် နေရပ်စွန့်ခွာ တိမ်းရှောင်သူများ၊ လက်ခံ စောင့်ရှောက်နေသူ မိသားစုများ စသည်တို့၏ ထင်မြင်သုံးသပ်မှု များအပေါ် အခြေခံ၍ ပြုစုခဲ့ခြင်း ဖြစ်သည်။ အဓိက တွေ့ရှိချက်များမှာ ပညာရေး အပေါ် တညီတညွတ်ထဲ တန်ဖိုးထားမှု၊ မွတ်ဆလင် နေရပ်စွန့်ခွာ တိမ်းရှောင်သူတို့မှ ပညာရေး ဝန်ဆောင်မှုကို တိုးချဲ့ ရရှိလိုမှု၊ အထူးသဖြင့် လူငယ်များအတွက် လက်ရှိ ၇-ရာခိုင်နှုန်း သာရှိသော မူလတန်းလွန် ပညာ သင်ကြားခွင့်ကို ပိုမို ရရှိလိုမှုတို့ဖြစ်သည်။

အစိုးရမှ ပညာရေးဆိုင်ရာ ဝန်ဆောင်မှုများ မစတင်နိုင်သေးသော ကာလတွင် နိုင်ငံတကာ အဖွဲ့အစည်းများမှ အရေးပေါ် မူလတန်းအဆင့် ပညာသင်ကြားမှု (မြန်မာစာနှင့် သင်္ချာ) အတွက် ဆက်လက်ပံ့ပိုးပေးရန် အစီရင်ခံစာတွင် ထည့်သွင်း အကြံပြုထားသည်။ နိုင်ငံတကာ အဖွဲ့များအနေနှင့် ဘာသာစုံ သင်ရိုးအပြည့် သင်ကြားမှုစနစ်နှင့် ပံ့ပိုးရန် မဖြစ်နိုင်သကဲ့သို့ အဆင်သင့်မဖြစ်သေးသည်ကိုလည်း သုံးသပ်ထားသည်။ နိုင်ငံတကာ အဖွဲ့အစည်းများ အနေနှင့် နိုင်ငံတော် အစိုးရအား မွတ်ဆလင် နေရပ်စွန့်ခွာတိမ်းရှောင်သူများ ၏ ပညာရေးဆိုင်ရာ လိုအပ်ချက်များ အကြံပြုတင်ပြခြင်း နှင့် ကူညီပံ့ပိုးမှုများ ပြုလုပ်ပေးသင့်ကြောင်းကို ထည့်သွင်းဖော်ပြထားသည်။

နိုင်ငံတကာအဖွဲ့အစည်းများအနေနှင့် တည်ငြိမ်အေးချမ်းမှုကို တည်ဆောက်ရာတွင် အထောက်အကူပြုနိုင်မည့် အခန်းကဏ္ဍများတွင် ပိုမိုရင်းနှီးမြုပ်နှံ သင့်ကြောင်း ကိုလည်း အစီရင်ခံစာမှ အကြံပြုထားသည်။ ဥပမာအားဖြင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ ဆရာ/ဆရာမများအား သင်တန်းများပို့ချပေးခြင်း၊ စာတတ်မြောက်မှု သင်တန်းများ ပြုလုပ်ပေးခြင်း၊ ကလေးသူငယ် ကနဦး ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးမှု ဆိုင်ရာသင်တန်းများအား စမ်းသပ် ဆောင်ရွက်ခြင်း၊ လူငယ်လူရွယ်များ အတွက် ပညာရေး ဆိုင်ရာ အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ လက်တွေ့ အသုံးချမှုဆိုင်ရာ ပညာရပ်များ နှင့် မီဒီယာ ဆိုင်ရာ သင်တန်းများပေးခြင်း၊ လူထုအခြေပြု ပညာရေး ဆိုင်ရာ ဆွေးနွေးပွဲများ ကျင်းပခြင်း စသည်တို့ကို ပံ့ပိုးဆောင်ရွက်ပေးသင့်ကြောင်းကို ဖေါ်ပြထားသည်။

နိုင်ငံတကာ အဖွဲ့အစည်းများအနေနှင့် ပဋိပက္ခဒဏ်ကို ခံစားရသူများနှင့် သီးသန့် ခွဲခြားနေထိုင်ရသူများ အတွက် ပညာသင်ကြားနိုင်ခွင့်ဆိုင်ရာ လိုအပ်ချက်များ ကို ပိုမိုဖြည့်ဆည်းပေးရန်၊ ပညာရေး ညီမျှမှုရှိစေခြင်းအားဖြင့် တင်းမာမှုများကို တဖက်တလမ်းမှ လျော့ကျစေအောင် ဝိုင်းဝန်းကူညီ ဆောင်ရွက်ရန်ကိုလည်း အစီရင်ခံစာတွင် ထည့်သွင်း အကြံပြုထားသည်။


အစီရင်ခံစာ၏ တွေ့ရှိ အကြံပြုချက်များအား ပညာရေးကဏ္ဍ လုပ်ငန်းအဖွဲ့နှင့် တိုင်ပင်ဆွေးနွေးမှု ပြုလုပ်ပြီးနောက် ၂၀၁၄ခုနှစ်တွင် အရေးပေါ်ကာလ ပညာသင်ကြားမှုဆိုင်ရာ ထောက်ပံ့မှုများအစား ရေရှည် တည်ငြိမ်အေးချမ်းမှုကို အထောက်အကူပြုစေမည့် လုပ်ငန်းစဉ်များကို ပြောင်းလဲထောက်ပံ့ သွားရန် ဦးတည်ချက် ချမှတ်ခဲ့သည်။ အရေးပေါ် ကာလ မူလတန်း ပညာသင်ကြားမှု လုပ်ငန်းများ ဆက်လက် ဆောင်ရွက်နိုင်ရေးနှင့် မူလတန်းလွန် ပညာသင်ကြားမှု လုပ်ငန်းများ စတင်ပြုလုပ်နိုင်ရန် အတွက် လည်းကောင်း၊ ရခိုင်ဒေသခံများ နှင့် သီးသန့် ခွဲထွက်နေရသူ ဒေသခံများ အတွက် ပညာသင်ကြားမှုဆိုင်ရာ လုပ်ငန်းများ တိုးချဲ့သွားရန်အတွက်လည်းကောင်း ရန်ပုံငွေနှင့် နည်းပညာ ပံ့ပိုးမှုများလည်း ပိုမိုလိုအပ်မည် ဖြစ်သည်။

## ကချင်ပြည်နယ်မှ တိုက်ပွဲများ အရပ်သားများအတွက် အန္တရာယ်ရှိ

*တိုက်ပွဲများကြောင့် အရပ်သားများအတွက် အကာအကွယ်ပေးရေး ဆိုင်ရာ စိုးရိမ်မှုများ မြင့်မားလျက်ရှိသည်။*

နိုဝင်ဘာလတွင် ကချင်ပြည်နယ်တောင်ပိုင်း၊ မန်စီမြို့နယ်၊ နမ်လင်းဖရွာ အနီး၌ ဖြစ်ပွားခဲ့သော မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်ဖွဲ့ တို့၏ တိုက်ပွဲများကြောင့် ကျောင်းသူ/ကျောင်းသားများ အပါအဝင် ဒေသခံ ၄၀၀၀ ခန့် နေရပ်မှစွန့်ခွာ ထွက်ပြေးခဲ့ရသည်။ ၂၃၃၆ ဦး (၆၂ ရာခိုင်နှုန်း)မှာ ကလေးများ ဖြစ်ကြသည်။ နေရပ်စွန့်ခွာ တိမ်းရှောင်သူတို့သည် မန်းဝင်းကြီးနှင့် လဂတ်ယန် (ရှမ်းပြည်နယ် မြောက်ပိုင်း) သို့ တိမ်းရှောင်ခဲ့ရပြီး လနာဇွတ်၊ ဘုံဇီပါ (မြန်မာ-တရုတ် နယ်စပ်) ရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူ စခန်းများသို့လည်း တိမ်းရှောင်ခဲ့ရသည်။ ထို့အပြင် မိုင်းခေါင်နှင့် ဗန်းမော်သို့လည်း တိမ်းရှောင်ခဲ့ရသည်။

တိုက်ပွဲများကြောင့် ကလေး သူငယ်များ၊ အရပ်သားများ အတွက် အကာအကွယ် ပေးရေး ဆိုင်ရာ စိုးရိမ်မှုများ မြင့်မားလျက် ရှိသည်။




ကလေးများ၊ နှင့် သက်ကြီး ရွယ်အိုများ အပါအဝင် နေရပ် စွန့်ခွာ တိမ်းရှောင်သူ အချို့သည် ဘေးလွတ်ရာ သို့ ရောက်ရန် ၃-ရက်ခန့် ခြေလျင် လျှောက်ခဲ့ရသည်။လမ်းခရီးတွင် ပျောက်ဆုံးသူများ၊ မိသားစုနှင့် လမ်းကွဲသူများ လည်း ရှိခဲ့သည်။ အကာအကွယ်ပေးရေးဆိုင်ရာ လိုအပ်ချက် စစ်တမ်းကို ကောက်ယူခဲ့ပြီး ဒေသခံအဖွဲ့အစည်း Wing Pawng Ningtho (WPN) နှင့် အတူ Save the Children နှင့် UNICEF တို့ပူးပေါင်းကာ နေရပ်စွန့်ခွာ တိမ်းရှောင်သူများအား မှတ်ပုံတင်ခြင်း၊

မိသားစုနှင့် ကွဲကွာလာသော ကလေးငယ်များအား ပြုစုစောင့်ရှောက်ခြင်း စသည်တို့ကို မန်းဝင်းကြီး၊ လဂတ်ယန် (ရှမ်းပြည်နယ် မြောက်ပိုင်း) နှင့် ဗန်းမော်တို့တွင် ဆောင်ရွက်ပေးလျှက်ရှိကာ မိသားစုနှင့် ပြန်လည်အဆက်အသွယ် ရနိုင်ရန်လည်း ဆောင်ရွက်ပေးလျှက်ရှိသည်။

ထို့အပြင် လနာဖွတ်သို့ ရောက်ရှိနေသော နမ်လင်းဖမှ ကျောင်းသူ ကျောင်းသား ၃၂၃ဦး တို့၏ လိုအပ်ချက်များကိုလည်း ဇန်နဝါရီလ ဒေသ-ဖြတ်ကျော် ခရီးစဉ်အတွင်း လေ့လာဆန်းစစ်ထားပြီး တွေ့ရှိချက်များအပေါ်တွင် အခြေခံ၍ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသွားမည် ဖြစ်သည်။

*ဆောင်းရာသီ ကျရောက်နေချိန် ဖြစ်သည့်အတွက် စောင်များ၊ အနွေးထည်များ နှင့် လုံလောက်သော နေရာထိုင်ခင်း ရရှိရေးတို့မှာ အဓိက လိုအပ်ချက်များ ဖြစ်သည်။*

**အရပ်သားများအတွက် မြေမြှုပ်မိုင်းအန္တရာယ်**

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် အရပ်သားများ ထိခိုက်ဒဏ်ရာရရှိမှုများ ဆက်လက်ဖြစ်ပွားလျှက်ရှိသည်။ ကချင်ပြည်နယ်၊ မန်စီမြို့နယ်တွင် ၂၀၁၃ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း ပေါက်ကွဲမှု အနည်းဆုံး ၄-ကြိမ်ဖြစ်ပွားခဲ့ပြီး အရပ်သားများ ပြင်းထန်စွာ ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း UNHCR ၏ထုတ်ပြန်ချက် အရသိရှိရသည်။ ထို့အပြင် နမ်လင်းဖ ကျေးရွာအနီးတွင်လည်း မပေါက်ကွဲသေးသော မိုင်းနှင့် ခဲယမ်းမီးကျောက်များ၏ အန္တရာယ်ရှိနေသည်။

၁၉၉၉ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်အကြားတွင် မြန်မာနိုင်ငံသည် မြေမြှုပ်မိုင်းကြောင့် သေဆုံးမှု ကမ္ဘာတွင် တတိယအမြင့်ဆုံး ဖြစ်ခဲ့သည်ဟု Landmine and Cluster Munition Monitor report ၂၀၁၃ မှဖော်ပြခဲ့သည်။ ၂၀၁၃ခုနှစ် အစောပိုင်းတွင် ဒေသခံ NGO နှင့် လူထု အခြေပြုအဖွဲ့အစည်းများအား မိုင်းအန္တရာယ် လျှော့ပါးရေးဆိုင်ရာ သင်တန်းများ ပို့ချပေးခဲ့သည်။ သို့သော်လည်း နေရပ်စွန့်ခွာ တိမ်းရှောင်သူများ အထူးသဖြင့် ကလေးငယ်များ မိုင်းအန္တရာယ် ကင်းရှင်းရေး အတွက် ပညာပေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးရန် လိုအပ်နေသေးသည်။ နေရပ်စွန့်ခွာ တိမ်းရှောင်သူများ နေရပ်သို့မပြန်မီ မြေမြှုပ်မိုင်း ရှင်းလင်းရေး နှင့် အခြားအခြေခံ လိုအပ်ချက်များကို ကြိုတင် ဆောင်ရွက်ထားရန် လိုအပ်သည်။

ထို့အပြင် လူကုန်ကူးမှုအန္တရာယ်၊ စိတ်ပိုင်းဆိုင်ရာ စောင့်ရှောက်မှုအတွက် ဝန်ဆောင်မှုများမရှိခြင်း၊ အမျိုးသမီးနှင့် အကြမ်းဖက်မှု အန္တရာယ်၊ ကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်းမမှီခြင်း၊ အဝမ္ဗ စစ်သားစုဆောင်းခြင်း နှင့် ကလေးငယ်များအတွက် ပညာသင်ကြားခွင့် စသည်တို့သည်လည်း ကချင်ပြည်နယ်မှ နေရပ်စွန့်ခွာ တိမ်းရှောင်သူများအတွက် ကြီးမားသော အခက်အခဲများဖြစ်သည်။

**နိုဝင်ဘာလတိုက်ပွဲများ ဖြစ်ပြီးနောက် လူသားချင်းစာနာမှုဆိုင်ရာ ထောက်ပံ့မှုများ ဆက်လက်လိုအပ်နေ**

ကုလသမဂ္ဂ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဒေသခံအဖွဲ့အစည်းများသည် ကချင်ပြည်နယ် ပဋိပက္ခဒဏ်ခံစားရသူများအတွက် အစားအသောက်၊ ရေနှင့်မိလ္လာ၊ တကိုယ်ရေသုံးသန့်ရှင်းရေး အသုံးအဆောင်များ၊ အကာအကွယ်ပေးရေး ဆိုင်ရာ ဝန်ဆောင်မှုများ၊ နေရာထိုင်ခင်းနှင့်၊ အစားအသောက်မဟုတ်သော အသုံးအဆောင်များ စသည်တို့ကို ဆက်လက် ကူညီထောက်ပံ့လျှက်ရှိသည်။ အကယ်၍ ကူးစက်ရောဂါများ ဖြစ်ပွားခဲ့ပါက အဆင်သင့် တုန့်ပြန်နိုင်ရန်အတွက် ဆေးဝါးများကို ကြိုတင်ဖြန့်ဝေထားရှိသည်။ ယခုအခါ ဆောင်းရာသီ ကျရောက်နေချိန် ဖြစ်သည့်အတွက် စောင်များ၊ အနွေးထည်များနှင့် လုံလောက်သော နေရာထိုင်ခင်း ရရှိရေးတို့မှာ အဓိက လိုအပ်ချက်များဖြစ်သည်။

နိုဝင်ဘာလတွင် ထပ်မံ၍ နေရပ်စွန့်ခွာ တိမ်းရှောင်လာသူ တို့၏ ၆၀ရာခိုင်နှုန်းမှာ ကလေးသူငယ်များ ဖြစ်ကြပြီး အကာအကွယ် ပေးရေးနှင့် ပညာသင်ကြားရေးဆိုင်ရာ လိုအပ်ချက်များကို ကနဦး ဆန်းစစ်မှုများအရ တွေ့ရှိရသည်။ UNICEF မှ မူလတန်း ကျောင်းသား/သူ ၇၄၀ဦးအတွက် ပညာသင်ကြားရေးဆိုင်ရာ အထောက်အကူပြု ပစ္စည်းများ၊ စာသင်ခန်း အသုံးအဆောင်များနှင့် ကလေးများ အပန်းဖြေ ဆော့ကစားနိုင်ရန် ကစားစရာများ စသည်တို့ကို ထောက်ပံ့ပေးအပ် သွားမည်ဖြစ်သည်။


လနာဖွတ်နှင့် ဘုံဇီပါ စခန်းများသို့ ဒေသ-ဖြတ်ကျော် ကူညီထောက်ပံ့မှု ခရီးစဉ်များ သွားရောက်မည်ဖြစ်ပြီး နေရပ်စွန့်ခွာ တိမ်းရှောင်လာသူ ၁၃၀၀ ကျော်တို့အတွက် အစားအသောက်၊ အနွေးထည်နှင့် စောင်အပါအဝင် အသုံးအဆောင်များ၊ လောင်စာချွေတာ မီးဖို စသည်တို့ကို ထောက်ပံ့ပေးအပ်သွားမည်ဖြစ်သည်။ နေရပ်စွန့်ခွာ

တိမ်းရှောင်သူတို့သည် နေရာထိုင်ခင်း၊ ရေနှင့်မိလ္လာ စသည်တို့အတွက်လည်း ကူညီထောက်ပံ့မှုများ လိုအပ်လျက်ရှိသည်။

## ၂၀၁၃ခုနှစ်တွင် လူသားချင်း စာနာမှုဆိုင်ရာ ရန်ပုံငွေ ၇၂ ရာခိုင်နှုန်း ရရှိ

၂၀၁၃ခုနှစ်တွင် လူသားချင်း စာနာမှုဆိုင်ရာ အဖွဲ့အစည်းများမှ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူများ အတွက် အစားအသောက်၊ နေရာထိုင်ခင်း၊ ရေနှင့်မိလ္လာ၊ ကျန်းမာရေး၊ ပညာရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ ကဏ္ဍများအတွက် ရန်ပုံငွေ အမေရိကန် ဒေါ်လာ သန်း ၁၆၀ တင်ပြတောင်းခံခဲ့ပြီး ၁၁၆သန်း (၇၂ ရာခိုင်နှုန်း) ကို လက်ခံရရှိခဲ့သည်။

နေရပ်စွန့်ခွာ တိမ်းရှောင်မှုဖြစ်စဉ်ကာလ ရှည်ကြာလာသည့်အလျောက် ကူညီထောက်ပံ့မှုများ ဆက်လက်ဆောင်ရွက်နိုင်ရန် ၂၀၁၄ ခုနှစ်တွင် ရန်ပုံငွေ ထပ်မံလိုအပ်မည်ဖြစ်သည်။ နေရပ်စွန့်ခွာ တိမ်းရှောင်သူများ အတွက် ရေရှည် အဖြေရှာနိုင်မည့် နည်းလမ်းများ၊ ကူညီထောက်ပံ့ရေးနှင့် ရေရှည် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများ ပူးတွဲဆောင်ရွက်နိုင်စေမည့် နည်းလမ်းများ စသည်တို့သည် ၂၀၁၄ခုနှစ်တွင် ပိုမို အရေးပါလာမည်ဖြစ်သည်။




၂၀၁၃ခုနှစ် မိုးဦးကာလ တွင် ကုလသမဂ္ဂ၏ ဗဟို အရေးပေါ် တုန့်ပြန်မှုဆိုင်ရာ ရန်ပုံငွေ (Central Emergency Response Fund - CERF) မှ ရခိုင် ပြည်နယ် နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းများ အတွက် နေရာထိုင်ခင်း၊ ရေနှင့်မိလ္လာ၊ ကျန်းမာရေး စသည့် ကဏ္ဍများတွင် အထောက်အပံ့များ ပေးရန်အတွက် ဒေါ်လာ ၅သန်း ပေးအပ် ခဲ့သည်။ စက်တင်ဘာလတွင် ဗဟို အရေးပေါ် တုန့်ပြန်မှုဆိုင်ရာ ရန်ပုံငွေမှ ကချင်ပြည်နယ် နေရပ်စွန့်ခွာ တိမ်းရှောင်သူ များ အတွက် နေရာထိုင်ခင်း၊ ရေနှင့်မိလ္လာ၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်း နှင့် အကာအကွယ်ပေးရေး ဆိုင်ရာ ကဏ္ဍများတွင် အထောက်အပံ့များ ပေးရန်အတွက် ဒေါ်လာ ၃သန်း ပေးအပ် ခဲ့သည်။ ထို့အပြင် အရေးပေါ် တုန့်ပြန်မှု ရန်ပုံငွေ (Emergency Relief Fund - ERF) မှ ဒေသခံနှင့် နိုင်ငံတကာ အဖွဲ့များ၏ စီမံချက် ၅-ခု အတွက် ဒေါ်လာ ၁.၈ သန်း ပေးအပ်ခဲ့သည်။ ERF မှ ထောက်ပံ့ပေးခဲ့သော စီမံချက်များသည် နေရပ်စွန့်ခွာ တိမ်းရှောင်သူ ၁၁၇၀၀၀ အတွက် အထောက်အပံ့များ ပေးအပ်နိုင်ခဲ့ပြီး ရခိုင်ပြည်နယ်တွင် ရေနှင့်မိလ္လာ၊ ပညာရေး၊ နှင့် အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်း ကဏ္ဍများ ကချင်ပြည်နယ်တွင် ပညာရေး၊ အစားအသောက်မဟုတ်သည့် အသုံးအဆောင်များ နှင့် ရေနှင့်မိလ္လာ လုပ်ငန်းကဏ္ဍများ စသည်တို့ကို ဖြည့်ဆည်းဆောင်ရွက် ပေးနိုင်ခဲ့သည်။

**ထပ်မံသိရှိလိုပါကဆက်သွယ်ရန်**
အီဗာ မော့ဒ်ဗစ်ဂ်၊ သတင်းအရာရှိ၊ modvig@un.org ၊ဖုန်း ၀၉ ၄၂၀၂ ၇၅၈၇၇
ပီယာ ပီရုမ်း၊ ပြန်ကြားရေးအရာရှိ၊ peronp@un.org ၊ဖုန်း ၀၉ ၂၅၀၁ ၉၈၉၉၇
OCHA လူသားချင်းစာနာမှုဆိုင်ရာ သတင်းလွှာများကို www.reliefweb.int တွင်လည်း ရယူနိုင်ပါသည်။